
# သွေးကြောပိတ်ခြင်း (DVT)

**DVT ဆိုသည်မှာ မည်သည့်အရာဖြစ် သနည်း**



သွေးကြောပိတ်ခြင်း (DVT) သည် သွေးပြန်ကြောတစ်ခုအတွင်း၌ ဖြစ် ပေါ်သည့် ခန္ဓာကိုယ်၏ သွေးကြောစနစ်အတွင်းရှိသွေးခဲဟုခေါ်ဆို သော သွေးခဲတစ်ခုဖြစ်ပေါ်သည့်အခါတွင် ဖြစ်ပွားပါသည်။ သွေးခဲသည် ၎င်းသွေးကြောမှတစ်ဆင့် သွေးစီးဆင်းမှုကို တစ်စိတ်တစ်ပိုင်း သို့မဟုတ် လုံးဝပိတ်ဆို့ပစ်နိုင်ပါသည်။ သွေးခဲများသည်လည်း ပေါက်ထွက်သွားနိုင်ပြီး အဆုတ်များ သို့မဟုတ် နှလုံးဆီသို့ ရောက်သွားနိုင်ပါသည်။ အဆုတ်များ သို့မဟုတ် နှလုံးသို့ရောက်ရှိ သွားသော သွေးခဲသည် ဆိုးရွားပြင်းထန်သောထိခိုက်မှုကို ဖြစ်စေနိုင် ပါသည် သို့မဟုတ် အသက်ဆုံးရှုံးရသည်အထိ ဖြစ်စေနိုင်ပါသည်။

## DVT ဖြစ်နိုင်ခြေအကြောင်းရင်းများမှာ မည်သည့်အကြောင်းရင်းများဖြစ်ပါသနည်း။

- ကင်ဆာရောဂါ သို့မဟုတ် နှလုံးရောဂါ သို့မဟုတ် အဆုတ်ရောဂါကဲ့သို့သော နာတာရှည်ဖျားနာခြင်း
- လတ်တလောခံယူနေသော သို့မဟုတ် လက်ရှိခံယူနေသော ကင်ဆာရောဂါကုသမှု
- သွေးပြန်ကြောတစ်ခုတွင် ထိခိုက်ဒဏ်ရာရခြင်း - မကြာသေးမီက ခွဲစိတ်မှု၊ ထိခိုက်ဒဏ်ရာရမှု သို့မဟုတ် ဒဏ်ရာဒဏ်ချက်
- လှုပ်ရှားမှုမရှိခြင်းကြောင့် သွေးစီးဆင်းမှုနှေးခြင်း (မလှုပ်ရှားနိုင်ခြင်း)
- အီစထရိုဂျင် တိုးလာခြင်း - ပဋိသန္ဓေတားဆေးကြောင့်၊ ဟော်မုန်းအစားထိုးရောဂါကုထုံးကြောင့် သို့မဟုတ် ကိုယ်ဝန်ရှိခြင်းကြောင့်

- ကြီးမားသောသွေးပြန်ကြောများတွင် ပိုက်တစ်ခုထည့်ထားခြင်း
- DVT ဆိုင်ရာ ကိုယ်ရေးရာဇဝင် သို့မဟုတ် မိသားစုရာဇဝင်ရှိခြင်း
- သွေးခဲသည့်ရောဂါရှိခြင်း
- ဆေးလိပ်သောက်ခြင်း
- အဝလွန်ခြင်း
- အသက် - အသက် 60 ကျော်ဖြစ်ခြင်း

## ကင်ဆာရောဂါသည် အဘယ်ကြောင့်အန္တရာယ်ဖြစ်နိုင်ခြေရှိသည့်အကြောင်းရင်းတစ်ခု ဖြစ်ပါသနည်း။

ကင်ဆာရောဂါ၊ ၎င်း၏ကုသမှုနှင့် နောက်ဆက်တွဲအန္တရာယ်ဖြစ်နိုင်ခြေအကြောင်းရင်းများရှိနေခြင်းသည် သင့်သွေး ကို ခဲနိုင်ခြေပိုများသည်ဟု ဆိုလိုပါသည်။ သွေးခဲနိုင်သည့်အလားအလာများလာခြင်းကို *ပုံမှန်ထက်ပို၍သွေးခဲစေ သောအခြေအနေ* ဟုခေါ်ပါသည်။
လေ့လာမှုတစ်ခုတွင် ကင်ဆာဝေဒနာရှင်များသည် သာမန်လူများထက် သွေးခဲနိုင်ခြေ 4 ဆ ပိုများကြောင်း ပြသခဲ့ ပါသည်။ အကယ်၍ သင့်ကို ဓာတုကုထုံးဖြင့်ကုသပါက ၎င်းအန္တရာယ် တိုးလာပါသည်။

ကင်ဆာရောဂါကုသမှုသည် သွေးခဲဖွဲ့စည်းမှုကို ဖြစ်စေနိုင်ပါသည်။ ဥပမာအားဖြင့် ဓာတုကုထုံးများသည် ကင်ဆာ ဆဲလ်များကို သတ်သည့်အခါ ၎င်းတို့သည် သွေးခဲခြင်းကိုအားပေးသည့်ဒြပ်များကို ထုတ်လွှတ်ပေးပါသည်။ ခွဲစိတ်မှု သို့မဟုတ် ဓာတုကုထုံးသည် သင့်သွေးကြောများ၏နံရံများကို ထိခိုက်စေနိုင်ပြီး သွေးခဲခြင်းနှင့် ပတ်သက်သည့် လုပ်ဆောင်ချက်များကို အစပျိုးနိုင်စေပါသည်။

## DVT ဆိုင်ရာရောဂါလက္ခဏာများမှာ မည်သည့်အရာများဖြစ်ပါသနည်း။

မကြာခဏဆိုသလို DVT ရောဂါများသည် အသံတိတ်ရောဂါများဖြစ်ပြီး ရောဂါလက္ခဏာအနည်းငယ်ကိုသာ ပြပါ သည်။ DVT ရောဂါဖြစ်ပွားရာတွင် ရောဂါလက္ခဏာအချို့ပါဝင်နိုင်ပါသည် -

- နာကျင်ကိုက်ခဲခြင်း
- အထိမခံနိုင်အောင်နာကျင်ကိုက်ခဲခြင်း
- ရောင်ရမ်းခြင်း
- အသားအရေအရောင်ပြောင်းလာခြင်း

- သာမာန်အရေပြားအပူချိန်ထက် ပိုပူလာခြင်း

DVT သည် ပေါက်ထွက်သွားပြီး အဆုတ်ထဲသို့ ရောက်သွားပါက ၎င်းသည် သင့်အဆုတ်ဆီသို့ သွေးပို့ဆောင်ပေး သည့် ပင်မသွေးလွှတ်ကြော သို့မဟုတ် ၎င်း၏အရံသွေးလွှတ်ကြောများထဲမှ တစ်ခုကို ပိတ်ဆို့သွားနိုင်စေပါသည်။ ၎င်းကို *အဆုတ်ရှိသွေးကြောများပိတ်သည့်ရောဂါ* သို့မဟုတ် PE ဟုခေါ်ပါသည်။ PE ဆိုင်ရာရောဂါလက္ခဏာများ မှာ -

- အသက်ရှူကျပ်ခြင်း
- စိုးရိမ်သောကဖြစ်ခြင်း
- ရင်ဘတ်အောင့်ခြင်း
- နှလုံးခုန်နှုန်းအလွန်အမင်းမြန်ခြင်း/သွေးခုန်နှုန်းမြန်ခြင်း
- ချွေးထွက်ခြင်း
- ချောင်းဆိုးရာတွင်သွေးပါခြင်း

အကယ်၍ သင့်တွင် အဆိုပါရောဂါလက္ခဏာတစ်ခုခုရှိပါက ဆေးရုံသို့ရောက်နေသည်ဖြစ်စေ အခြားနေရာများသို့ ရောက်နေသည်ဖြစ်စေ **911 သို့ ခေါ်ဆိုပါ သို့မဟုတ် ဒေသတွင်းရှိအရေးပေါ်ဆေးခန်းသို့သွားပါ။**

## DVT အတွက် ကုသမှုများမှာ မည်သည့်အရာများဖြစ်ပါသနည်း။

- **သွေးကျဲဆေးများ**သည် သွေးခဲနိုင်စွမ်းကို ကျဆင်းစေပြီး သွေးကြောများအတွင်း အန္တရာယ်ရှိသော သွေးခဲများ ဖြစ်ပေါ်ခြင်းမှ ကာကွယ်တားဆီးပေးရန်အတွက် အထောက်အကူဖြစ်စေပါသည်။ ဤဆေးများကို တစ်ခါ တစ်ရံတွင် သွေးကျဲစေသောဆေးဟု ခေါ်သော်လည်း အမှန်တကယ်အားဖြင့် ၎င်းတို့သည် သွေးကို မကျဲစေနိုင်ပါ။
- **သွေးခဲများကိုပျော်စေရန်အသုံးပြုသည့်ရောဂါကုထုံး**သည် ရှိပြီးသားသွေးခဲများအတွက် ကုသမှုတစ်ခုဖြစ် ပါသည်။ သွေးခဲကိုဖြိုခွဲပေးရန်အတွက် သွေးခဲပျော်ဆေးကို သွေးကြောတစ်ကြောထဲသို့ ထိုးသွင်းပါသည်။
- **ခွဲစိတ်မှု**သည် သွေးကျဲဆေးများကို မသောက်နိုင်သောသူများ သို့မဟုတ် သွေးကျဲစေသည့်ရောဂါကုထုံးကို ပြုလုပ်နေသည့်အချိန်အတောအတွင်း အဆုတ်ရှိသွေးကြောများပိတ်သည့်ရောဂါ (PE) ဖြစ်ပေါ်လာသူများ အတွက် ရွေးချယ်မှုတစ်ခုဖြစ်ပါသည်။ ခွဲစိတ်ဆရာဝန်သည် သွေးခဲကို ဖယ်ရှားခြင်း သို့မဟုတ် နှလုံး သို့မဟုတ် အဆုတ်များဆီသို့ သွေးခဲများမရောက်ရှိစေရန်အတွက် စစ်ထုတ်ကိရိယာတစ်ခုကို ထည့်သွင်းထားပါသည်။

## DVT များကို ကာကွယ်တားဆီးရန်အတွက် ကျွန်ုပ်လုပ်ဆောင်နိုင်သည့်အရာများ ရှိပါသလား။

သင့်အန္တရာယ်ကို လျှော့ချနိုင်ရန်အတွက် သင့်ဆရာဝန်မှ သင့်အား အောက်ပါအချက်များကို ညွှန်ကြားနိုင်ပါသည်-

- ခွဲစိတ်ပြီးနောက် သို့မဟုတ် နာမကျန်းဖြစ်ပြီးနောက် တတ်နိုင်သမျှမြန်မြန် အိပ်ရာမှထပြီး လှုပ်ရှားသွားလာ ပေးပါ
- သင်လှုပ်ရှားသွားလာမှုမရှိသည့်အချိန်များတွင် သင့်ခြေထောက်များကို မြှောက်ပေးပါ
- ခြေထောက်လေ့ကျင့်ခန်းများလုပ်ပေးပါ
- အထူးသဖြင့်ကျုံ့နိုင်ဆန့်နိုင်စွမ်းရှိသောပတ်တီးများကို ပတ်ထားပေးပါ